**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

**Website:** www.cnfhqr.com **Email:** cnf.headquarters@gmail.com

## (၃၈) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ ထုတ်ပြန်ကြေညာချက်

၂၀၂၆ ခုနှစ် မတ်လ (၂၀) ရက်

ယနေ့ တွင်ကျရောက်သည့် ၂၀၂၆ ခုနှစ် မတ်လ (၂၀) ရက်နေ့သည် ချင်းလူမျိုးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ထူထောင်ရေးအတွက် အမျိုးသားလက်နက်ကိုင်တော်လှန်ရေးတိုက်ပွဲဝင်လာခဲ့သည့် (၃၈)နှစ်မြောက် ချင်းတော်လှန်ရေးနေ့ပင် ဖြစ်သည်။ (၃၈) နှစ်တာ ချင်းတော်လှန်ရေးကာလအတွင်း အသက်ပေးလှူသွားကြသည့် သူရဲကောင်းအာဇာနည်များနှင့် ကိုယ်အင်္ဂါတစိတ်တပိုင်းကို ပေးလှူခဲ့ကြသော ရဲဘော်ရဲမေများအား ဂုဏ်ပြုဦးညွှတ် ဂါရဝပြုပါသည်။

အကြမ်းဖက်စစ်အုပ်စုသည် တရားမဝင်ရွေးကောက်ပွဲမှတဆင့် အတုအယောင် လွှတ်တော်နှင့် စစ်တပ်အခွံလဲအစိုးရကို ဖွဲ့စည်းပြီး စစ်အုပ်စုအာဏာတည်မြဲရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ပြည်သူနှင့် နိုင်ငံတကာအား လှည့်ဖြားကြိုးပမ်းနေသည်ကို အထူးသတိချပ်ရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူနှင့် တော်လှန်ရေးအင်အားစုများ အနေဖြင့် ရန်သူနှင့် မိတ်ဆွေကို ရှင်းရှင်းလင်းလင်းခွဲခြားပြီး ညီညီညွတ်ညွတ်ညွတ်ဖြင့် လက်တွဲ တော်လှန်ကြရမည့် အချိန်အခါဖြစ်သည်။

ယနေ့တွင် မိမိတို့ ချင်းတော်လှန်ရေးအင်အားစုများအနေဖြင့် စစ်ရေး၊ နိုင်ငံရေး အင်အားကို ပိုမို စုစည်းခိုင်မာအောင် တည်ဆောက်လျက် ပြည်သူ့တော်လှန်ရေး အဆုံးသတ်တိုက်ပွဲကို ဆင်နွှဲကြရမည့်အချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် အရွယ်ရောက်ပြီးသူချင်းအမျိုးသားပြည်သူ တရပ်လုံး အမျိုးသားရေးအသိ၊ အမျိုးသားရေးတာဝန်ဖြင့် ချင်းတော်လှန်ရေးတွင် စစ်မှုထမ်းကြပါရန် အထူးတိုက်တွန်းသည်။

ပြည်တွင်းနှင့် နိုင်ငံတကာရှိ ချင်းလူမျိုးများအနေဖြင့် အသက်နှင့်ခန္ဓာ ပေးလှူခဲ့ကြသည့် အာဇာနည်များနှင့်စစ်မြေပြင်တွင် နေ့နေ့ညညတိုက်ပွဲနေကြသည့် တော်လှန်ရေးရဲဘော်၊ရဲမေတို့အား အောက်မေ့အမှတ်ရလျက် မိမိတို့ ဆင်နွှဲလျက်ရှိသည့် ပြည်သူ့တော်လှန်ရေး ပန်းတိုင်သို့ မနေးအမြန်ရောက်ရှိနိုင်ရေးအတွက် လူအင်အား၊ ဓနအင်အား ပိုမိုစိုက်ထုတ်ပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ချင်းအမျိုးသားတပ်ဦး**

Chin National Front – General Headquarters, Chinland